အမှတ်အသားများကို မည်သို့ အသုံးပြုနိုင်မည်နည်း။

၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ ၁၉၇၇ခုနှစ်နှင့် ၂၀၀၅ခုနှစ် နောက်ဆက်တွဲ သဘောတူညီချက်များအရ ယင်းအမှတ်အသားများအား အသုံးပြုခြင်းကို တင်းကျပ်စွာ စည်းကမ်းသတ်မှတ်ထားပါသည်။ ယင်းအမှတ်အသားများကို နည်းလမ်းနှစ်မျိုးဖြင့် အသုံးပြုနိုင်ပါသည်။

အကာအကွယ်ပေးသော ရည်ရွယ်ချက်များအတွက်

လက်နက်ကိုင်ပဋိပက္ခကာလများတွင် အောက်ဖော်ပြပါတို့အား လုံခြုံဘေးကင်းစေရန် အကာအကွယ်ပေးသော ရည်ရွယ်ချက်များအတွက် ယင်းတို့ကို အသုံးပြုနိုင်သည်။

- လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆေးဝန်ထမ်းများနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊
- လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆေးဝန်ထမ်းများကို အထောက်အကူပေးရန် တာဝန်ပေးထားသော အမျိုးသားအသင်းများ၏ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အထောက်အကူပြုပစ္စည်းများနှင့် ယာဉ်များ၊
- အစိုးရ၏ ခွင့်ပြုချက်နှင့် ယင်း၏ထိန်းချုပ်မှုအောက်တွင်ရှိသော အရပ်ဘက်ဆေးရုံများ၊ အရပ်သားဆေးဘက်ဆိုင်ရာ အဖွဲ့များနှင့် အခြားသော စေတနာလုပ်အားရှင် ကယ်ဆယ်ရေးအသင်းများနှင့် အထောက်အကူပြုပစ္စည်းများ၊ ယင်းတို့၏ ဝန်ထမ်းများနှင့် အရပ်သား ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များ၊ ဒဏ်ရာရသူ၊ နာမကျန်း ဖြစ်သူများနှင့် သင်္ဘောပျက်ရာတွင် ပါဝင်သူများကို ကုသပေးရန်နှင့် သယ်ယူပို့ဆောင်ရန်တာဝန်ပေးထား သော ယာဉ်များ။

အမှတ်အသားသုံးမျိုးလုံးတွင် တူညီသော အဆင့်အတန်းရှိပြီး ယင်းတို့ တစ်ခုချင်းစီကို အကာအကွယ်ပေးသည့် အမှတ်အသားအဖြစ် အသုံးပြုနိုင်သည်။ ယင်းတို့ကို စကားလုံး သို့မဟုတ် အပိုရုပ်ပုံများ၊ အဆင်ဒီဇိုင်းများ သို့မဟုတ် စာသားများ မပါရှိစေဘဲ အဖြူရောင်အောက်ခံတွင် ဖော်ပြအသုံးပြုရပါမည်။

ငြိမ်းချမ်းသောကာလများတွင် အောက်ဖော်ပြပါတို့က ယင်းအမှတ်အသားများကို အကာအကွယ်ပေးသည့် သင်္ကေတအဖြစ် ယင်းတို့တစ်ခုချင်းစီ၏ သီးသန့်ပုံစံဖြင့်လည်း ဖော်ပြအသုံးပြုနိုင်ပါသည် -

- လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆေးဝန်ထမ်းများနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊
- လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ်သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ သဘောတူညီချက်ဖြင့် စုစည်းထားသော အမျိုးသားအသင်း၏ ဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုနေရာဌာနပစ္စည်းများနှင့် ယာဉ်များ။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) တို့သည် ဤအမှတ်အသားများကို ငြိမ်းချမ်းစဉ်ကာလနှင့် လက်နက်ကိုင် ပဋိပက္ခကာလများတွင် အမြဲတစေ အသုံးပြုခွင့်ရှိပါသည်။

B. Heger/ICRC

ဖော်ညွှန်းပြသော ရည်ရွယ်ချက်များအတွက်

ငြိမ်းချမ်းသောကာလများတွင် အောက်ဖော်ပြပါတို့က ယင်းအမှတ်အသားများကို ဖော်ညွှန်းပြသော ရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်သည် -

- ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု [အမျိုးသားအသင်းများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) သို့မဟုတ် အပြည်ပြည်ဆိုင်ရာဖက်ဒရေးရှင်း (IFRC)]နှင့် ဆက်နွှယ်သည့်စေတနာလုပ်အားရှင်များ၊ ဝန်ထမ်းများ၊ အဆောက်အအုံနှင့် ယင်းတို့အသုံးပြုသော ပစ္စည်းများ၊
- ချွင်းချက်အဖြစ် ပြည်တွင်းဥပဒေနှင့်အညီ အမျိုးသားအသင်း၏ခွင့်ပြုချက်ဖြင့် ဒဏ်ရာရသူများနှင့် နာမကျန်းသူများကို အခမဲ့ကုသမှုပေးရန်အတွက်သာ တာဝန်ပေးထားသော လူနာတင်ယာဉ်များနှင့် ရှေးဦးပြုစုရေးစခန်းများ။

ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု အဖွဲ့ဝင်များသည် ၎င်းတို့၏ အမှတ်အသားများတွင် ယင်းအမှတ်အသားများကို ဖော်ညွှန်းပြသော အမှတ်အသားအဖြစ် ၎င်းတို့၏ အမှတ်တံဆိပ်များတွင် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အသုံးပြုသည့်အခါ ကြက်ခြေနီ သို့မဟုတ် လခြမ်းနီ အမှတ်အသားကို ၎င်းတို့၏ အမည် သို့မဟုတ် အတိုကောက်စာလုံးတို့ တွဲလျက်ပါရှိရပါမည်။ ယင်းအမှတ်အသားများကို အကာအကွယ်ပေးသော ရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းနှင့်ရောထွေးမှုမဖြစ်စေရေးအလို့ငှာ အမှတ်အသားကို အရွယ်အစားသေးငယ်စွာ ဖော်ပြရမည်ဖြစ်ပြီး လက်မောင်းပတ်ပေါ်တွင်လည်းကောင်း၊ အဆောက်အအုံများ၏ အမိုးများပေါ်တွင်လည်းကောင်း ထားရှိခြင်းမပြုရပါ။

အမှတ်အသားများကို လွဲမှားစွာအသုံးပြုခြင်း

ဤအမှတ်အသားများကို လွဲမှားစွာအသုံးပြုခြင်းသည် လက်နက်ကိုင်ပဋိပက္ခကာလများတွင် အမှတ်အသားများ၏ အကာအကွယ်ပေးနိုင်စွမ်းကို ယုတ်လျော့ကျဆင်းစေပြီး အမှတ်အသားများအပေါ်ထားရှိသည့် အလေးထားလေးစားမှုကိုထိခိုက်စေနိုင်ပါသည်။ ဤသို့ လွဲမှားစွာအသုံးပြုခြင်းသည် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုပေးနေစဉ် အကာအကွယ်ရရှိရန်အတွက် ဤအမှတ်အသားများကို အသုံးပြုခွင့်ရှိသူများအား အသက်အန္တရာယ်ကျရောက်စေနိုင်သည့်အပြင် ဤလှုပ်ရှားမှု၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များ၏ လုံခြုံဘေးကင်းစွာ သွားရောက်နိုင်မှုကိုပါ ထိခိုက်စေနိုင်ပါသည်။ ဤအမှတ်အသားများကို အသုံးမပြုရမည့်နည်းလမ်းအချို့အား အောက်တွင် ဖော်ပြထားပါသည်။

ဆင်တူယိုးမှား တုပခြင်း

ဤအမှတ်အသားများထဲမှ တစ်ခုမဟုတ်တစ်ခုနှင့် ပုံသဏ္ဌာန် အရလည်းကောင်း၊ အရောင်အဆင်းအရလည်းကောင်း ရောထွေးသွားစေနိုင်သည့် အမှတ်သင်္ကေတတစ်ခုကို အသုံးပြုခြင်း။



တလွဲ အသုံးပြုခြင်း

အမှတ်အသားကို အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့်မကိုက်ညီသော မည်သည့်အသုံးပြုမှုမဆို အသုံးပြုခွင့်မရှိသူ သို့မဟုတ် အဖွဲ့အစည်းများ (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ဆေးဝါးရောင်းချသူများ၊ ပုဂ္ဂလိကဆရာဝန်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တစ်ဦးချင်းပုဂ္ဂိုလ်များ စသဖြင့်) သို့မဟုတ် ဤအမှတ်အသားအပေါ် အထူးအလေးထားမှု သို့မဟုတ် လေးစားမှုအား ထိခိုက်စေနိုင်မည့် ရည်ရွယ်ချက်များအတွက် အမှတ်အသားကို အသုံးပြုခြင်း။



သစ္စာမဲ့စွာအသုံးပြုခြင်း

တိုက်ပွဲဝင်စစ်သည်များနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းများအား ကာကွယ်ရန်နှင့် ရန်သူအား လှည့်စားရန် ရည်ရွယ်ချက်ဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ဤအမှတ်အသားကို အသုံးပြုခြင်း။ ဤအမှတ်အသားကို သစ္စာမဲ့စွာ အသုံးပြုမှုကြောင့် လူ့အသက်ဆုံးရှုံးမှု သို့မဟုတ် အပြင်းအထန် ထိခိုက်ဒဏ်ရာရမှုဖြစ်စေလျှင် ယင်းကိုစစ်ရာဇဝတ်မှုဟု မှတ်ယူသည်။



ဤအမှတ်အသားများနှင့် ယင်းတို့၏အကာအကွယ်ပေးမှုကို တစ်ကမ္ဘာလုံးက အလေးထားလေးစားကြစေရန် ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များ၏ စာချုပ်ဝင်နိုင်ငံ တစ်ခုချင်းစီ၌ ဤအမှတ်အသားများကို အသုံးပြုခြင်းအား စည်းကမ်းသတ်မှတ်ပေးရန်၊ စစ်ပွဲကာလနှင့် ငြိမ်းချမ်းစဉ်ကာလများတွင် ဤအမှတ်အသားများကို တလွဲအသုံးပြုခြင်းမှ ကြိုတင်ကာကွယ်တားဆီးရန်နှင့် တလွဲသုံးခြင်းအတွက် ပြစ်ဒဏ်ပေးရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းဥပဒေ ပြဋ္ဌာန်းပေးရန် တာဝန်ရှိပါသည်။

အစိုးရအာဏာပိုင်အဖွဲ့အစည်းများက ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာ အသိုင်းအဝိုင်းများအား ဤအမှတ်အသားများကို စနစ်တကျအသုံးပြုရေးနှင့် စပ်လျဉ်း၍ အသိပေးရန်လည်း အဆင့်ဆင့် ဆောင်ရွက်ရပါမည်။

ဤအမှတ်အသားများကို စနစ်တကျ အသုံးပြုကြစေရန် အမျိုးသားအသင်းများကလည်း အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။

Illustrations: E. Boero

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုက ဆောင်ရွက်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်၏ အမှတ်အသားများ

လက်နက်ကိုင်ပဋိပက္ခ၊ သဘာဝဘေးအန္တရာယ်များ သို့မဟုတ် အခြားသောအရေးပေါ်အခြေအနေများ ဖြစ်ပွားနေစဉ်အတွင်း ဤလှုပ်ရှားမှုနှင့် ပတ်သက်ဆက်နွှယ်မှုရှိကြောင်းပြသရန် ကြက်ခြေနီ သို့မဟုတ် လခြမ်းနီ အမှတ်အသားကို အသုံးပြုခြင်းဖြင့် အမျိုးသားအသင်း၏ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များက ၎င်းတို့ ဆောင်ရွက်နေသောလုပ်ငန်းသည် လူသားချင်းစာနာထောက်ထားမှုသက်သက်ဖြစ်ပြီး အကျပ်အတည်းများကြောင့် ဒုက္ခရောက်နေသူများနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများထံ ၎င်းတို့၏ လုံခြုံဘေးကင်းစွာ သွားရောက်ခွင့်ကို အမြဲတစေ လေးစားရမည်ဆိုသည့် အလွန်အရေးကြီးသော သတင်းစကားကို ပေးနေခြင်းဖြစ်ပါသည်။

ဤလှုပ်ရှားမှုအတွင်း အဆိုပါအမှတ်အသားများကို အသုံးပြုသူများသည် ၎င်းတို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို လူသားချင်းစာနာ ထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်းဟူသော ဤလှုပ်ရှားမှု၏ အခြေခံမူခုနစ်ချက်နှင့် အညီဆောင်ရွက်ရန် ကတိကဝတ်ပြုလိုက်ခြင်း ဖြစ်သည်။

၎င်းတို့၏အလုပ်သည် နိုင်ငံရေး၊ ဘာသာရေး၊ စစ်ရေး သို့မဟုတ် စီးပွားရေး အကြောင်းအရာများနှင့် ပတ်သက်ဆက်နွှယ်မှု မရှိကြောင်းကို အများပြည်သူတို့က နားလည်သဘောပေါက်ပြီး အားလုံးက ၎င်းတို့ကို လက်ခံယုံကြည်ကာ အလေးထား လေးစားကြရပါမည်။

ပြည်သူတစ်ရပ်လုံးနှင့် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့အားလုံးတို့က ဤလုပ်ငန်းဆောင်ရွက်နေသူများ၏ ရည်ရွယ်ချက်များအပေါ် နားလည်ယုံကြည်မှုရှိရန် လွန်စွာအရေးကြီးပါသည်။ ဤနားလည်ယုံကြည်မှုကပင် ကြက်ခြေနီနှင့်လခြမ်းနီ ဝန်ထမ်းများနှင့်စေတနာ လုပ်အားရှင်များအား စစ်ပွဲကာလနှင့် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ကာလများတွင် အကူအညီ လိုအပ်နေသူများနှင့် လူထုအားလုံးတို့ထံ လုံခြုံဘေးကင်းစွာ ရောက်ရှိစေရန် တဖန်ပြန်လည်၍ အထောက်အကူပြုနေပါသည်။